# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 9 , 2026 Volume 99 , Number 6


၉. ၂. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၉၂.၃၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၅.၃၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၇.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၉.၃၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၃၂ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဇီဝဖိုးငှက်သိုက်ကို ပြည်ပတင်ပို့နိုင်ရေး ဆွေးနွေး




မြန်မာနိုင်ငံက ဇီဝဖိုးငှက်သိုက်ထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့နိုင်ရေး ဆွေးနွေးခဲ့တယ်လို့ မြန်မာနိုင်ငံဇီဝဖိုးငှက်သိုက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင့်ဆွေက ပြောပါတယ်။

ဖေဖော်ဝါရီလ ၄ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ရုံးမှာပြုလုပ်တဲ့ မြန်မာနိုင်ငံဇီဝဖိုးငှက်သိုက်လုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ အသင်းအဖွဲ့တစ်ခုအဖြစ် ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေးရာမှာ ဇီဝဖိုးငှက်သိုက်ထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့နိုင်ရေးကိုလည်း အကြိုညှိနှိုင်းဆွေးနွေးခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံဇီဝဖိုးငှက်သိုက်လုပ်ငန်းရှင်များအသင်းကို ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်က ယာယီအနေနဲ့ ဖွဲ့စည်းခဲ့ပြီး အခုအခါ ဇီဝဖိုးငှက်မွေးမြူသူတွေ များလာသလို ထုတ်လုပ်သူတွေလည်း များလာတဲ့အတွက် စနစ်တကျဖြစ်အောင် မြန်မာနိုင်ငံဇီဝဖိုးငှက်သိုက်လုပ်ငန်းရှင် များအသင်းရဲ့အလုပ်အမှုဆောင်အဖွဲ့ကိုဖွဲ့စည်းပြီးမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ အသင်းအဖွဲ့တစ်ခုအဖြစ် ဖွဲ့စည်းတာဖြစ်တယ်လို့ ဒေါက်တာတင့်ဆွေက ပြောပါတယ်။

ဇီဝဖိုးငှက်ဟာ ကမ္ဘာပေါ်မှာမြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ၇ နိုင်ငံမှာသာ တွေ့ရှိရပြီး လက်ရှိမှာ ဇီဝဖိုးငှက်မွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်သလို အသင်းအနေနဲ့လည်း အသိပညာမျှဝေတာတွေ ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဇီဝဖိုးငှက်မွေးမြူတဲ့လုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်နဲ့ကော့သောင်းမြို့တို့မှာ အများဆုံးလုပ်ကိုင်ကြပြီး နောက်ပိုင်းမှာ ဇီဝဖိုးငှက်တွေက ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ရခိုင်ဒေသဘက်တွေကို ရောက်ရှိလာတဲ့အတွက် အဲဒီဒေသတွေမှာပါ မွေးမြူလာကြတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၂-၂၀၂၆ မှ ၆-၂-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနဲ့ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၃,၀၀၅,၀၀၀၊ မတ်ပဲ SQ/ RC (2025 Crop) ကျပ် ၃,၃၄၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၂၂၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၇၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2025 Crop) ကျပ် ၉၅,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၉,၀၀၀ ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၂၇၀ လုံး(တန်ချိန် ၆၄၈၀)နှင့် ပဲစင်းငုံ Red/ RC(2026 Crop)ကွန်တိန်နာ၁၂၀ လုံး(တန်ချိန် ၂၈၈၀)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၂၅၅ လုံး (တန်ချိန် ၆၁၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၁၂၅ လုံး(တန်ချိန် ၃၀၀၀) ဝင် ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၅ လုံး(တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၅,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၆,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၁,၀၀၀ ၊ဟင်္သာတမိုးထောင် ကျပ် ၁၈,၅၀၀ နှင့် ဇီးပွပု(သစ်) ကျပ် ၂၁,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀၊ မြားနီ(သစ်) ကျပ် ၂,၀၀၀ နှင့် ဟင်္သာတမိုးထောင် ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၃၁၀၀ (၆၂,၀၀၀ ပိဿာ)နှင့်ငရုတ်ပုအိတ်ပေါင်း ၆၅၀ (၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၄၀၀၀ (၂၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၃၄၀ (၅,၁၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၀၉၀၀ (၂၁၈,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၃၁၀ (၄,၆၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၆၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်း သီးအသား(သစ်) ကျပ် ၅၀၀ ဈေး ကျဆင်းခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၄၀၀၊ ညောင်ဦးဆေးရုယ်(ထန်း) ကျပ် ၆၇၀၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၅၈၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာကျပ် ၄၄၀၀ နှင့်သကြား(ပြည်တွင်း) ကျပ်၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ

မလိုင်(ဒိုး) ကျပ် ၁၀၀၊ ညောင်ဦး ဆေးရှယ်(ထန်း) ကျပ် ၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၁၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၅၀၀ နှင့် ကြံသကာ ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၂-၂၀၂၆ မှ ၆-၂-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၂၂၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၂၂၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၄၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၀ စီး(၇၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇၀ စီး (၁,၀၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၀ စီး (၂၄၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၀,၈၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၃၂၅ (၃၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ကြက်သွန်ဖြူအိတ်ရေ ၁၄၈၀ (၃၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၅၅ (၄,၆၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်း A1 ကျပ် ၃၅၀၀၊ အောင်ပန်း OK ကျပ် ၄၀၀၀၊ အောင်ပန်း S1 ကျပ် ၄၅၀၀၊ အောင်ပန်း S2 ကျပ် ၄၅၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူး ကား စီးရေ ၂၉ စီး (၁၇၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## နွေအကြိုကာလ အိမ်တွင်းလက်မှုထုတ် သင်ဖြူးဖျာများ အဝယ်လိုက်နေ




မကြာမီ နွေရာသီကာလရောက်ရှိတော့မည်ဖြစ်ရာ အပူဒဏ်ကာကွယ်ရန် မြန်မာ့အိမ်တွင်းလက်မှုထုတ်သင်ဖြူးဖျာများဝယ်ယူသူများပြားနေပြီး အရောင်းအဝယ်တွင်ကျယ်နေကြောင်း ဧရာဝတီတိုင်းရှိ သင်ဖြူးဖျာထုတ်လုပ်ရောင်းချသူများထံက သိရပါတယ်။

လက်ရှိတွင် ဝယ်လိုအားများပြီး ကုန်ပစ္စည်းရှားသဖြင့် အကန့်အသတ်ဖြင့် သာရောင်းနေကြပြီး အရည်အသွေးမြင့် ခြောက်ပေနီးပါး၊ ခြောက်ပေခွဲညွှန့်ရှယ်ဖျာတစ်ချပ် ကျပ် ၁၂၀,၀၀၀၊ မိသားစုအိပ်ကုတင်ခင်း ငါးပေ၊ ခြောက်ပေခွဲတစ်ချပ် ကျပ် ၈၅,၀၀၀၊ နှစ်ယောက်အိပ် လေးပေခွဲနီးပါး၊ ခြောက်ပေခွဲတစ်ချပ် ကျပ် ၆၀,၀၀၀၊ တစ်ယောက်အိပ် သုံးပေကျော်၊ ခြောက်ပေတစ်ချပ် ကျပ် ၃၇,၀၀၀ ဝန်းကျင်ဈေးရှိနေတယ်လို့ ဆိုပါတယ်။

နွေရာသီ မတ်လတွင် ပဲသိမ်းချိန်ဖြစ်၍ အလုပ်သမားရှားခြင်းကြောင့် ဖျာအထွက်နည်းမည်ဖြစ်ပြီး ထိုအချိန်ဈေးတက်နိုင်သဖြင့် လက်ရှိ အဝယ်လိုက်နေခြင်းဖြစ်ကြောင်း သိရပါတယ်။

"အခုနွေအကြိုကိုပဲ တော်တော်အမှာများနေတယ်။ အိမ်တွင်းလက်မှုဆိုတော့ တစ်နိုင်တစ်ပိုင်ပဲ လုပ်ရောင်းနေကြရတော့ ပစ္စည်းကလိုသလောက်မရတာမျိုးရှိတယ်။မိုးတွင်းက ပိုအထွက်များတာပေါ့။သင်ဖြူးဖျာကလူအကြိုက်များတယ်လေ၊နွေအရမ်းပူတဲ့အချိန် သင်ဖြူးဖျာခင်းအိပ်ရင် ကျောအေးတယ်။ သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးနဲ့ ညီညွတ်တယ်။ အခုရာသီအလှူအတန်းတွေလည်းရှိတော့ သင်ဖြူးဖျာ အဝယ်လိုက်နေတယ်။ လက်ရှိတော့ အမှာတွေကို ၅ ရက်စောင့်၊ တစ်ပတ်စောင့်နဲ့ ရောင်းပေးနေရတယ် "လို့ ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်မှ သင်ဖြူးဖျာရောင်းချသူတစ်ဦးက ပြောပါတယ်။

သင်ဖြူးဖျာများမှ သင်ပင်ဆက်ပြီး ရက်လုပ်ထားပါက အသုံးမခံ မြန်ဆန်စွာပျက်စီးလွယ်ကျိုးပဲ့ပြီး ကျောဆူးခြင်း များဖြစ်သည့်အတွက် ရေရှည်အသုံးခံပြီး တစ်ပင်တည်းရက်လုပ်ထားသော သင်ဖြူးဖျာများကို သေချာစစ်ဆေးဝယ်ယူကြရန်၊ အွန်လိုင်းမှ ကြိုတင်ငွေလွှဲခိုင်းကာ ငွေကြေးလိမ်လည်မှုများလည်းရှိနေသဖြင့် ဝယ်ယူသူများ အထူးသတိထားကြရန် သင်ဖြူးဖျာ ရောင်းချသူများက သတိပေးထားပါတယ်။

"သင်ဖြူးဖျာထဲမှာ သင်တွေကိုသေးသေးလေးစိတ်ပြီး ရက်ထားတဲ့ အညွန့်တစ်ပင်တည်းရက်တဲ့ဖျာက အကောင်းဆုံးပဲ ညွှန့်ရှယ်ပေါ့။ ၅ စိပ်ဆိုတာက အညွန့်ပြီးရင် အရည်အသွေးကောင်းတဲ့အဆင့်၊ အလယ်အလတ်ပေါ့။ နောက်အကြမ်းထည်ဖျာတွေလည်း ရှိတယ်၊ ဈေးအစားစားပဲ။ အဆိုးဆုံးက သင်ပင်တိုတွေကိုဆက်ပြီး ရက်ထားတဲ့ ဆက်ဖျာတွေ၊ ဈေးသက်သာပြီး ရေရှည်မခံဘူး၊ ကျိုးပဲ့ပြီး ကျောဆူးတာတွေဖြစ်တယ်၊ သင်ဖြူးဖျာထဲမှာ အဲလိုအရည်အသွေးအလိုက် ဈေးအစားစားရှိတယ်"လို့ သင်ဖြူးဖျာရောင်းသူတစ်ဦးက ရှင်းပြပါတယ်။

သင်ဖြူးဖျာလုပ်ငန်းကို မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းက ပန်းတနော်၊ ဓနုဖြူ၊ လေးမျက်နှာ၊ ဟင်္သာတမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊တနင်္သာရီမြို့နယ်တို့တွင်အဓိကလုပ်ကိုင်ကြပါတယ်။ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၃၄ အုပ်စုတွင် သင်ခြံစိုက်ပျိုးဧက တစ်သောင်းကျော်ရှိပြီး ထိုမြို့နယ်ထွက် သင်ပင်ကုန်ကြမ်းများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းသာမက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးစသည့်နေရာများကိုပါ ပို့ဆောင်ရောင်းချကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မြစ်ဝကျွန်းပေါ်ဒေသထွက် ဝါး၊ ဓနိများ ယခင်နှစ်ထက် ဈေးပိုတက်လာ




မြစ်ဝကျွန်းပေါ်ဒေသထွက် အိမ်အမိုးအကာအဖြစ် အသုံးပြုသည့် ဝါးနှင့် ဓနိပျစ်များမှာ ယခင်နှစ်ထက်ဈေးမြင့်တက်နေပြီး လုပ်သားရှားပါးမှုနှင့် လုပ်အားခ၊ သယ်ယူစရိတ်ကြီးမြင့်မှုကြောင့် ဖြစ်တယ်လို့ ဧရာဝတီတိုင်းဒေသကြီး ဝါး၊ ဓနိရောင်းဝယ် လုပ်ကိုင်သူတွေထံက သိရပါတယ်။

ယခင်နှစ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဓနိပျစ်ဈေးမှာ အရည်အသွေးပေါ်မူတည်ပြီး ဓနိချပ်ရေ တစ်ရာလျှင် ကျပ် ၁၉,၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် ဓနိချပ်ရေ တစ်ရာကို ကျပ် ၂၅,၀၀၀ ကျော်ထိပေါက်ဈေးရှိနေ ကြောင်း သိရပါတယ်။

ဓနိထိုးရန် အသင့်ဖြတ်ဝါးအချောင်းတစ်ရာပါ တစ်စည်းကို ၂၀၂၅ ခုနှစ်တွင် ကျပ် ၄၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် ဝါးအချောင်းတစ်ရာပါ တစ်စည်းကို ကျပ် ၇၅၀၀ ဝန်းကျင်ရှိနေပြီး ဒေသအလိုက် လုပ်သားစရိတ်နှင့် သယ်ယူစရိတ်ပေါ်မူတည်ပြီး ဈေးနှုန်းအနည်း၊ အများကွာခြားမှုရှိနေတယ်လို့ ၎င်းတို့က ဆိုပါတယ်။

"အဓိကတော့ အလုပ်သမားရှားသွားတာ။နိုင်ငံခြားထွက်သူနဲ့၊နောက်ပြီးဒီအလုပ်က ပင်ပန်းပြီးနေ့တွက်ခနည်းတော့ ရန်ကုန် စက်ရုံအလုပ်သွားလုပ်သူ လုပ်နဲ့ဆိုတော့လုပ်မဲ့သူရှားတာပေါ့။ရှိတဲ့အလုပ်သမားတွေဆိုလည်း ကြိုချိတ်၊နေစားခပိုပေး၊ သုံးလေး လကြိုငွေထုတ်ချေးပြီး ကိုယ့်စီလုပ်အောင် ထိန်းထားရတယ်။ နေ့စားစရိတ် ငြိမ်းနဲ့မိသားစုလိုက်နေလို့ရအောင် လုပ်ပေးထားရ တော့ ကုန်ကျစရိတ်ပိုများတယ်။ ဒီတော့ ဓနိဈေးကလည်း တက်ရော"လို့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ဝါး၊ ဓနိ ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လုပ်သားရှားပါးခြင်းကြောင့် ဓနိခုတ်ခ၊ သယ်ခ၊ ဓနိထိုးခ၊ ဝါးခများပါကုန်ကျမှုပိုရှိလာကာသယ်ယူရန်ခက်ခဲပြီး ဝေးလံသည့် နေရာများတွက်အလုပ်သမားပိုသုံးရသလိုစက်လှေများဖြင့်သယ်ထုတ်ရသည့်အတွက်ကုန်ကျစရိတ်ပိုများလာတယ်လို့ ဆိုပါတယ်။

ဓနိပျစ်များဈေးနှုန်းမြင့်တက်နေသော်လည်းသွပ်ပြားထက်ဈေးသက်သာပြီးအပူဒဏ်ခံနိုင်သည့်အတွက်ဈေးကွက်အခိုင်အမာ ရှိနေဆဲဖြစ်ကာ လုပ်သားရှားပါးခြင်းကြောင့် မှာထားသည့် ဓနိပျစ်များ ရက်ချိန်းအတိုင်းမရဘဲ ကြန့်ကြာခြင်းများ ကြုံတွေ့နေရ ကြောင်းလည်း ဓနိရောင်းဝယ်ရေးလုပ်ကိုင်သူများထံက သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## အလုပ်သမားဈေးကွက်အချက်အလက်နှင့် ဉာဏ်ရည်တုနည်းပညာ(AI)နှင့်ပတ်သက်သည့် စိုးရိမ်မှုများကြောင့် အမေရိကန်စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့

လွန်ခဲ့သောနှစ်လခန့်အတွင်းအလုပ်သမားဈေးကွက်ကျဆင်းခဲ့ခြင်းနှင့် ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence, AI) တို့နှင့်ပတ်သက်သည့်စိုးရိမ်မှုများကြောင့် အမေရိကန်စတော့ရှယ်ယာဈေးနှုန်းများကျဆင်းခဲ့သည်ဟု CNN အွန်လိုင်းသတင်း၌ ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် အမေရိကန်စတော့ရှယ်ယာဈေးကွက်အညွှန်းကိန်းများဖြစ်သည့် Dow Jones Industrial Average သည် သုည ဒသမ ၈၅ ရာခိုင်နှုန်း၊ S&P 500 သည် သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် Nasdaq Composite

TIR

သည် ၁ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့သည်။

ဆော့ဖ်ဝဲလ်လုပ်ငန်းများအပေါ် AI က အဟန့်အတားဖြစ်လာနိုင်ခြေကြောင့် ၂၀၂၅ ခုနှစ်၊ ဧပြီလနောက်ပိုင်းမှစ၍ (၃) ရက်အတွင်း Nasdaq Composite အညွှန်းကိန်းသည် အနိမ့်ဆုံးသို့ကျဆင်းခဲ့ကြောင်း၊ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် Anthropic AI plugins ကြောင့် ဆော့ဖ်ဝဲလ်လုပ်ငန်းများရှိ Codes ရေးဆွဲသူများလိုအပ်မှုကို လျှော့ချနိုင်မည်ဖြစ်ရာ ဆော့ဖ်ဝဲလ် ကုမ္ပဏီအများအပြား၏ဝင်ငွေကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ဆော့ဖ်ဝဲလ်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံသည့် Blue Owl ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းသည် ၃ ဒသမ ၆ ရာခိုင်နှုန်း၊ Microsoft ၏ရှယ်ယာဈေးနှုန်းသည် ၂ ဒသမ ၃ ရာခိုင်နှုန်း၊ Alphabet သည် ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ထို့ပြင် ခရစ်တိုဈေးကွက်ကိုပါ ထိခိုက်စေခဲ့ရာ Bitcoin ဈေးနှုန်းသည်လည်း အမေရိကန်ဒေါ်လာ ၆၇,၀၀၀ရှိသဖြင့် ၁၅ လအတွင်းအနိမ့်ဆုံးဖြစ်ခဲ့ကြောင်း၊ ရွှေဈေးနှုန်းသည် ၁ ရာခိုင်နှုန်းနှင့် ငွေဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

အလုပ်သမားစာရင်းအင်းဗျူရို၏အချက်အလက်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အလုပ်အကိုင်ဖန်တီးပေးနိုင်မှုသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းအနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**Source: CNN**

https://www.cnn.com/2026/02/05/investing/us-stock-market

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## ကမ္ဘာ့ဒုတိယထိပ်သီး နာနတ်သီးတင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ



၂၀၂၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး နာနတ်သီးတင်ပို့သည့် နိုင်ငံအဖြစ် သုံးနှစ်ဆက်တိုက် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်မှစတင်ကာ ကိုစတာရီကာ (Costa Rica) နိုင်ငံပြီးနောက် ကမ္ဘာ့အဆင့်တွင် ဒုတိယနေရာ၌ နေရာယူထားနိုင်ခဲ့ပြီး အာရှဒေသတွင် ထိပ်တန်းတင်ပို့သည့်နိုင်ငံအဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ခုနှစ် စက်တင်ဘာလအထိ ရရှိထားသော ကနဦးအချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ နာနတ်သီးတင်ပို့မှုသည် ၁၄ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး တန်ချိန် ၇၇၅,၀၂၈ မက်ထရစ်တန်အထိ တင်ပို့မှုများရှိခဲ့ကြောင်း FAO ၏ထုတ်ပြန်ချက်များအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံထွက် နာနတ်သီးများကို အများဆုံးတင်သွင်းသော ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၁၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။ ဖိလစ်ပိုင်မှ တင်ပို့မှုမြင့်တက်လာစေသည့် အဓိကအကြောင်းအရင်းသည် တရုတ်နိုင်ငံတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့်ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းကာအထွက်နှုန်းနှင့်အရည်အသွေးနိမ့်ကျခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဖိလစ်ပိုင်၏ အဓိကဈေးကွက်များဖြစ်သော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် စုစုပေါင်း နာနတ်သီးတင်ပို့မှု၏ ၃၆ ရာခိုင်နှုန်းနှင့် ၁၃ ရာခိုင်နှုန်းကို အသီးသီး ဝယ်ယူတင်သွင်းခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်ဝေစု ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသောကိုစတာရီကာနိုင်ငံတွင်မိုးရွာသွန်းမှုလွန်ကဲခြင်းနှင့်အပူချိန်မြင့်မားခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း FAO ၏ သုံးသပ်ချက်အရ သိရသည်။

ထို့ပြင်ရာသီဥတုဒဏ်ကြောင့်အပင်များထိခိုက်ပျက်စီးခြင်းနှင့် ပိုးမွှားကျရောက်မှုမြင့်မားခြင်းတို့လည်း ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နာနတ်သီးတင်သွင်းမှုပမာဏမှာ ၂၀၂၅ ခုနှစ်က တန်ချိန်ပေါင်း ၃ ဒသမ ၂ သန်းခန့်ရှိခဲ့ပြီး အပြောင်းအလဲ အနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပထမ ၉ လတာကာလအတွင်း အမေရိကန်နှင့် ဥရောပသမဂ္ဂတို့တွင် ဝယ်လိုအား ခိုင်မာအားကောင်းနေသော်လည်း ကမ္ဘာ့အဓိကတင်ပို့သူ ကိုစတာရီကာ နိုင်ငံဘက်မှ ထောက်ပံ့မှုလျော့နည်းခြင်းကြောင့် တိုးတက်မှုအကန့်အသတ်ဖြစ်ခဲ့ရကြောင်းနှင့် အခြားတင်ပို့သူများထံမှ ဝယ်ယူမှုတိုးမြှင့်ကာ အစားထိုးနိုင်ခဲ့သော်လည်း အနည်းငယ်သာ အထောက်အကူပြုနိုင်ခဲ့ကြောင်း FAO ဖော်ပြထားသော အစီရင်ခံစာအရ သိရသည်။

**Source: Inquirer net**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (9.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,938 (Shares) | 68,367,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 283 | 2,348,900 | 33,109,694 | 274,811 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,850 | 3,900 | 3,850 | 915 | 3,550,500 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 2 | 16,400 | 10,400,986 | 85,288 |
| FPB | 00004 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 321 | 917,900 | 29,664,613 | 86,027 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 269 | 806,250 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 3,206 | 5,138,400 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | -150 | -3.66% | 3,950 | 3,950 | 3,950 | 119 | 470,050 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,150 | 3,150 | 3,100 | 97 | 302,550 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Feb. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.65 | -1.90 | -0.46% | 418.18 | 418.18 | 413.31 | 5,212 | 13,550,950 | 8 | 784,002 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m, 9th Feb, 2026

| Trading Volume | Trading Value |
|---|---|
| 12,017 (Shares) | 70,748,850 (MMK) |

### Main Board

As of 1:00 p.m, 9th Feb, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,938 (Shares) | 68,367,850 (MMK) |

| MYANPIX | 415.65 ▼ 1.90 |
|---|---|
| Total Volume (shares) | 5,212 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 784,002 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 2,900 | ▲ 0 |
| TMH | 00005 | 2,950 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 150 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR